# ဇရာ

* ငါ၏ရုပ်လွှာ၊ ရူပကာသည်
ပျိုရာမှအို၊ အိုရာမှယွင်း
အဆင်းညှိုးချောက်၊ လွင့်ပျောက်အရောင်
လောင်မြိုက်ခန္ဓာ
ပမာရွက်ဝါသွင်သဏ္ဌာန်။

* ငါ၏အရိုးတို့သည်
ဇရာပိုးထိုး၍
ကျိုးလုလုပမာ။

* ငါ၏အရေတို့သည်
ညှိုးချောက်မစိုပြေ
တွန့်ကျေရှုတ်တွ မလှပတော့။

* ငါ၏အကြောတို့သည်
ပြေချောမရှိ
ချည်နှောင်ထုံးထားဘိသို့နှယ်။

* ငါ၏ဆံပင်တို့သည်
နီကျင်ဖြူကြား၊ ကြာဆံသို့အလား။

* ငါ၏မျက်စိတို့သည်
မကြည်မှုံနေ၊ သိဝေဝိုးဝါး
ပုံရိပ်များလည်း၊ မထင်ရှားတော့။

* ငါ၏သွားတို့သည်
ပိုးစားပဲ့ကြွေ၊ ယိမ်းယိုင်၍နေလေပြီ။

* ငါ၏ခန္ဓာသည်
ဇရာချဉ်းနင်း၊ အိုမင်းမစွမ်း
ပန်းလျရင့်အို၊ ပြိုယိုင်ချိန်နဲ့
ပုံရွှဲ့နှောင်တဲ၊ လဲပြိုတော့မည်
လှည်းအိုကြီးပမာ။

* အနိစ္စ,ဒုက္ခ,အနတ္တ
စိုးမရ၍၊ မလှမပ
သဘာဝတရား၊ အကြောင်းသည်ကား
လောကကြီး၏ဓမ္မတာပင်။

* ဩ–
ငါ၏ရုပ်လွှာ၊ ရူပကာသည်
ပျိုရာမှအို၊ အိုရာကယွင်း
အဆင်းညှိုးချောက်၊ လွင့်ပျောက်အရောင်
လောင်မြိုက်ခန္ဓာ
ပမာရွက်ဝါသွင်သဏ္ဌာန်။ ။

(၂၀၀၆)